# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
# အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
# မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်
# မဟာအင်ဂျင်နီယာ(ကွန်ပျူတာသိပ္ပံ) M.E.(Computer Science)
# ကျောင်းသားကျောင်းသူများဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်တွင် ၂၀၂၄ –၂၀၂၅ပညာသင်နှစ်အတွက် မဟာအင်ဂျင်နီယာ(ကွန်ပျူတာသိပ္ပံ) **M.E.(Computer Science)** ဘွဲ့သင်တန်းကို ၂၀၂၄ခုနှစ်၊ ဇွန်လ (၂၅) ရက်နေ့တွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။

၂။ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်မှ အင်ဂျင်နီယာဘွဲ့ (ဂုဏ်ထူးတန်း)ရရှိထားသူများ မြန်မာနိုင်ငံရှိ ကွန်ပျူတာတက္ကသိုလ်များမှ ပေးအပ်သော **B.C.Tech.** နှင့် **B.C.Sc.** ဘွဲ့များရရှိ ထားပြီး မဟာဘွဲ့သင်တန်းတက်ရောက်ရန် အဆင့်မီသူများ၊ မြန်မာနိုင်ငံရှိ နည်းပညာတက္ကသိုလ်များမှ ပေးအပ်သော **B.E.(Information Technology)**၊ **B.E.(Computer Engineering)** နှင့် **B.E. (Information Science & Technology)** ဘွဲ့များရရှိပြီး မဟာဘွဲ့သင်တန်းတက်ရောက်ရန် အဆင့်မီသူများ လျှောက်ထားနိုင်ပြီး အောက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီသူများဖြစ်ရမည်။

(က) လျှောက်ထားသူနှင့်၎င်းတို့၏ မိဘ (၂)ပါး၊ (၃)ဦးစလုံးသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) သင်တန်းသို့ အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းစည်းကမ်းချက်များကို လိုက်နာနိုင်သူဖြစ်ရမည်။

(ဂ) ဝန်ထမ်းဖြစ်ပါကသက်ဆိုင်ရာဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့်လျှောက်ထားရမည်။

၃။ အထက်ပါမဟာဘွဲ့သင်တန်းသည် အချိန်ပြည့်သင်တန်းဖြစ်ပြီး မဟာဘွဲ့အကြိုသင်တန်း (၁)နှစ်နှင့် သုတေသနကျမ်းပြုသင်တန်း(၁)နှစ် စုစုပေါင်း (၂)နှစ်သင်တန်း ဖြစ်ပါသည်။ မဟာဘွဲ့အကြိုသင်တန်း **(Course Work)** ဖြေဆိုအောင်မြင်သူများ အနက်သတ်မှတ်အရည်အချင်းပြည့်မီသူများကိုသာ မဟာဘွဲ့ သုတေသနကျမ်းပြုသင်တန်းသို့ တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၄။ အထက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများသည် မြန်မာသတင်းအချက်အလက်နည်းပညာ တက္ကသိုလ်သို့ ဝင်ခွင့်လျှောက်လွှာများကို (၁၀-၆-၂၀၂၄)ရက်နေ့မှစတင်၍ www.miit.edu.mm တွင် ထုတ်ယူနိုင်ပြီး ဝင်ခွင့်လျှောက်လွှာများကို (၁၈-၆-၂၀၂၄) ရက်နေ့ နောက်ဆုံးထား၍ တိုက်ရိုက် လျှောက်ထားရမည်။

၅။ လျှောက်ထားသူများသည်အောက်ဖော်ပြပါ အချက်အလက်များကိုလျှောက်လွှာနှင့် အတူပူးတွဲတင်ပြရမည်ဖြစ်ပါသည်။

(က) ဘွဲ့လက်မှတ်(မူရင်းနှင့် မိတ္တူ)

(ခ) အမှတ်စာရင်း(မူရင်း နှင့် မိတ္တူ)

(ဂ) ပတ်စပို့အရွယ်ရောင်စုံဓါတ်ပုံ(၃)ပုံ

(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းသက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း

(င) လျှောက်ထားသူနှင့်မိဘ(၂)ပါး၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့်မိတ္တူ)တို့ကို ပူးတွဲတင်ပြရမည်။

၆။ အခြားကွန်ပျူတာတက္ကသိုလ်နှင့်နည်းပညာတက္ကသိုလ်များမှသတ်မှတ်ချက်များနှင့်ကိုက်ညီသော ဝင်ခွင့်လျှောက်ထားသူများသည် အောက်ပါအစီအစဉ်အတိုင်း ဝင်ခွင့်အရည်အချင်းစစ်ရေးဖြေ စာမေးပွဲကို ဖြေဆိုကြရမည်ဖြစ်သည်။

| စဉ် | ရက်စွဲ | ဖြေဆိုရမည့်ဘာသာရပ် | ဖြေဆိုရမည့်အချိန် |
|---|---|---|---|
| ၁။ | ၂၀-၆-၂၀၂၄ (ကြာသပတေးနေ့) | အင်္ဂလိပ်စာ | (၉:၀၀)နာရီမှ(၁၁:၀၀)နာရီထိ PaperBased |
| ၂။ | ၂၁-၆-၂၀၂၄ (သောကြာနေ့) | သက်ဆိုင်ရာဘာသာရပ် | (၉:၀၀)နာရီမှ(၁၁:၀၀)နာရီထိ LMS(Computer Based)& Paper Based |

၇။ ဝင်ခွင့်ဖြေဆိုရမည့်ခုံအမှတ်များကို မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်၏ ကြော်ငြာသင်ပုန်းတွင်ကြော်ငြာ၍ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို (၁၉-၆-၂၀၂၄) ရက်နေ့တွင် ထုတ်ပေးမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုခွင့်ကတ်ပြားမပါရှိပါက စာမေးပွဲဝင်ရောက်ဖြေဆိုခွင့်လုံးဝ (လုံးဝ) ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။

၈။ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်၏ မဟာအင်ဂျင်နီယာ(ကွန်ပျူတာသိပ္ပံ) **M.E. (Computer Science)** ဝင်ခွင့်စာမေးပွဲအောင်စာရင်းကို (၂၄-၆-၂၀၂၄)ရက်နေ့ (တနင်္လာနေ့)တွင် ကြော်ငြာသင်ပုန်းနှင့် **Website -www.miit.edu.mm** တို့မှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်။

၉။ အသေးစိတ်အချက်အလက်များကို စုံစမ်းလိုပါက တယ်လီဖုန်းနံပါတ် ၀၉ -၇၈၅၅၅၇၇၀၆ နှင့် ၀၉-၇၈၅၅၅၇၇၀၉ တို့သို့လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ကျောင်းသားရေးရာဌာန

မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်